ဘောက်သောက်ကျေးရွာအုပ်စု၊ ဘောက်သောက်ကျေးရွာ

စစ်ကိုင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၂(ဒု)လမှ ၂၀၂၆)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘောက်သောက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊စစ်ကိုင်းမြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဇူလိုင်

မာတိကာ

စဉ်	**အကြောင်းအရာ**	
	စကားချီး	၃
	ဘောက်သောက်ကျေးရွာ သယံဇာတပြမြေပုံ၊ စစ်ကိုင်းမြို့နယ်	၅
	ဘောက်သောက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၆
	ဘောက်သောက်ကျေးရွာရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်း (Venn Diagram)	၇
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လသတ်မှတ်ချက်ဇယား	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၁
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၂
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၃
၉။	**ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၀
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၁၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၁၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁-၂၀၂၂(ဖ)လ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍

နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြုဧယား စသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။


ဇူလိုင်လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘောက်သောက်ကျေးရွာ
စစ်ကိုင်းမြို့နယ်


ဘောက်သောက်ကျေးရွာအုပ်စု၊ ဘောက်သောက်ကျေးရွာသယံဇာတပြမြေပုံ၊စစ်ကိုင်းမြို့နယ်



ဘောက်သောက်ကျေးရွာအုပ်စု၊ ဘောက်သောက်ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊စစ်ကိုင်းမြို့နယ်



ဘောက်သောက်ကျေးရွာအုပ်စု၊ ဘောက်သောက်ကျေးရွာ ရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံ(Venn Diagram) ၊စစ်ကိုင်းမြို့နယ်



ဘောက်သောက်ကျေးရွာအုပ်စု၊ ဘောက်သောက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၂၁-၂၂(၆)	၂၂-၂၃	၂၃-၂၄	၂၄-၂၅	၂၅-၂၆
၁	ကျေးရွာတွင်းလမ်းကျင်းခင်းခြင်း	၁					
၂	လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်း	၂					
၃	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	၃					
၄	မြေသားရေကန်တူးဖော်ခြင်း	၄					
၅	ရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘောက်သောက်ကျေးရွာသည် ရွှေဘို-မန္တလေးကားလမ်းမကြီး၏အရှေ့ဘက် (၆)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။စစ်ကိုင်းမြို့နှင့်(၃၅)မိုင်ခန့်ကွာဝေးပါသည်။ ဆားတောင် မြို့၏အရှေ့ဘက်တွင်တည်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၈၃)ဧကနှင့် ယာမြေ (၁၆၂၂)ဧကနှင့်ဥယျာဉ်ခြံမြေ(၁၁)ဧက စုစုပေါင်း (၂၀၁၆)ဧကရှိပါသည်။ကျေးရွာတွင် စပါး၊နှမ်း၊ဂျုံ၊ ကုလားပဲနှင့် ပဲစိမ်းငုံတို့ကို စိုက်ပျိုးကြ ပါသည်။မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အိမ်ထောင်စု (၂၈၅)စု ကျား (၄၉၁)ဦး၊မ (၅၆၇)ဦး စုစုပေါင်း (၁၀၅၈) ဦးရှိ ပါသည်။ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ကျေးရွာဖွံ့ဖြိုးရေး လမ်းကော်မတီအဖွဲ့(ကျား-၉+မ-၂ စုစုပေါင်း-၁၁)ဦး၊ လူငယ်ကာလသားအဖွဲ့(ကျား-၅)ဦး၊ လူငယ်အမျိုးသမီးအဖွဲ့(မ-၅)ဦး၊ အမျိုးသမီးထမင်းကျွေးအဖွဲ့(မ-၂၅)ဦး၊လျှပ်စစ်မီးလင်းရေး ကော်မတီအဖွဲ့(ကျား-၇)ဦးတို့သည် ကျေးရွာ၏ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြပါသည်။ ကျောင်း ကော်မတီအဖွဲ့ (ကျား - ၇ဦး + မ - ၃ဦး စုစုပေါင်း - ၁၀)ဦးသည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့်ပူးပေါင်း၍ ကျေးရွာ၏ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ် ဆောင်လျှက်ရှိပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေး အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြ ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဘောက်သောက်ကျေးရွာသည် (၂.၅)ဧကအောက်ဆင်းရဲသားတောင်သူ (၁၅၀) အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် အိမ်ထောင်စုမရှိပါ၊ (၅)ဧကနှင့် (၁၂.၅)ဧကကြား (၁၁၄)အိမ်ထောင်စု ရှိပြီး(၁၂.၅)ဧကနှင့်အထက်ပိုင်ဆိုင်သူ တောင်သူကြီး (၁၅)အိမ်ထောင်စုရှိပြီး၊မြေယာမဲ့အိမ်ထောင်စု(၆)စုပါသည်။ကျေးရွာတွင် အဓိကအားဖြင့် စပါး၊နှမ်း၊ဂျုံ၊ ကုလားပဲနှင့် ပဲစိမ်းငုံ များကိုစိုက်ပျိုးကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင် ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၅၀)တင်းထွက်ရှိပါသည်။ နှမ်းအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၉)တင်းထွက်ရှိပြီး၊ ပဲနှင့်ဂျုံအထွက်နှုန်းမှ တစ်ဧကျပမ်းမျှ(၆)တင်းနှုန်းထွက်ရှိပါသည်။ မြေပဲအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၈)တင်းခန့်ထွက်ရှိပါသည်။ နွားစာပြောင်းအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ အထုံး (၁၅၀)ခန့်ထွက်ရှိပါသည်။ ကျေးရွာတွင် ထွန်စက်ကြီး (၂)စီး၊လက်တွန်းထွန်စက် (၂၀)စီး၊အစေ့ချကိရိယာ(၂၆)စီးနှင့် ရေစုပ်စက် (၁၅) လုံး ရှိပါသည်။ အဖွဲ့ပိုင်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်မရှိပါ။ အချို့သောတောင်သူများသည် ကျေးရွာရှိစက်များကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဘောက်သောက်ကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၁၈၉)အိမ်ရှိပြီး နွားကောင်ရေ(၉၂၈)ကောင်၊ မြင်းမွေးမြူထားသည့်အိမ်ထောင်စု (၄)အိမ်ရှိပြီး မြင်းကောင်ရေ (၆) ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု(၃)အိမ်ရှိပြီး ဆိတ်ကောင်ရေ (၉၅)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၃)အိမ်ရှိပြီး ဝက်ကောင်ရေ (၇)ကောင်နှင့် ကြက်မွေးမြူ ထားသည့်အိမ်ထောင်စု (၄)အိမ်ရှိပြီး ကြက်ကောင်ရေ (၃၂)ကောင် စသည်ဖြင့် တစ်ပိုင် တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှု များမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ် ရှိသည့်အတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ လက်သမား/ပန်းရံလုပ်ငန်း၊ စျေးအရောင်းအဝယ်လုပ်ငန်းစသည့် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပြီး ကျပန်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ် သောအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်းသော ကြောင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ကော (၁၅၀၀၀)သိန်းနှုန်းဖြင့် အများဆုံး (၁၀)ကောအထိ ချေးယူနိုင်ကြပါသည်။မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးကြပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန်လိုလား ကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး (**၁၀**)စီး၊မော်တော် ဆိုင်ကယ် **(၁၉၇)**စီး၊သုံးဘီးဆိုင်ကယ် (၂)စီး၊ထော်လာကျီ **(၇)**စီး၊ **ကား(၅)စီး**နှင့် နွားလှည်း **(၁၈၁)**စီး စသည် ဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာ**တွင် မြေသားလမ်းနှင့်ကျောက်ခင်းလမ်း**(၂)**မျိုးရှိပြီး မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ လမ်း၏အရှည်စုစုပေါင်းမှာ** (၅)**မိုင်ခန့်ရှိပါည်။**

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်း **သုံးစွဲသူအိမ်ထောင်စု(၆၅)စုရှိပြီး**ဆိုလာမီးသုံးစွဲနေသော အိမ်ထောင်စု (**၂၀၄**)စုရှိပြီး ကျန် (**၁၆**)အိမ်မှာ ဖရောင်းတိုင်မီးကိုသာ အသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘောက်သောက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (**၃၃၀**) လုံး၊ရေဒီယို **(၆၂)**လုံး၊တီဗွီ (**၆၃**)လုံး၊ဂြိုလ်တုစလောင်း **(၁၄)**လုံးစသည်တို့မှရရှိပြီး ကျေးရွာအနီး တွင်ဆက်သွယ်ရေးတာဝါတိုင်များရှိသည့်အတွက် ဆက်သွယ်ရေးနှင့်သတင်း အချက်အလက် များရရှိပါသည်။

၆။ ပညာရေး

ဘောက်သောက်ကျေးရွာရှိ ကျောင်းသား/သူများသည် အ.လ.က(ခွဲ) အဆင့်ဖြင့် ပညာ သင်ကြား လျှက်ရှိပါသည်။အထက်တန်းကျောင်းသား/သူများမှာ ဆားတောင်မြို့သို့ သွားရောက် ပညာသင်ကြားရပြီး အကွာအဝေးမှာ (၁)မိုင် ခန့်ရှိသည့်အတွက် စက်ဘီး ဖြင့် ကျောင်းတက်ကြရပါသည်။ အချို့သောကျောင်းသား/သူများမှာ ဘော်ဒါ ဆောင်များတွင် နေထိုင်ပြီး ကျောင်းတက်ကြပါသည်။ကျေးရွာရှိကျောင်းသည် အမိုး၊ နံရံ၊ အခင်းအရည် အသွေးနှင့် ကျောင်းအိမ်သာ များမှာကောင်းမွန်ပြီး အထက်တန်းခွဲရရှိလျှင် ကျေးရွာရှိ ကျောင်းသား/သူများ သွာလာရေး အဆင်ပြေမည်ဖြစ်ပါသည်။

ကျေးရွာတွင် စာမတတ်သူ မရှိပါ။မူလတန်းအဆင့် စာတတ်မြောက်သူ များမှာ လူဦးရေ ၏ (၆၂.၂)ရာခိုင်နှုန်းအထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၅.၈)ရာခိုင်နှုန်း၊အထက်တန်းအဆင့် စာတတ်မြောက်သူ များမှာ (၆.၆) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူများမှာ (၅.၃)ရာခိုင်နှုန်း ရှိခြင်းတို့ကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြ ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာ အထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဆေးပေးခန်း**နှင့်**ဆရာ/ဆရာမမရှိသဖြင့်ကျေးရွာနှင့်**ကပ်လျှက်ရှိသည့် လင်းယဉ်ကျေးရွာ** ရှိဆေးပေးခန်းသို့သွားရောက်ကုသကြရပါသည်။တိုက်နယ်ဆေးရုံသည် **ဆားတောင်မြို့**တွင် တည်ရှိပြီး **ဘောက်သောက်**ကျေးရွာနှင့် (၁)မိုင်ခန့် ကွာဝေးပါသည်။ **စစ်ကိုင်း**မြို့နယ် ဆေးရုံကြီးနှင့် (**၃၅**)မိုင်ခန့် ကွာဝေးသော်လည်း အရေးပေါ်အခြေအနေတွင် ဆေးရုံကြီး သို့ပို့ဆောင်**ကုသနိုင်ကြပါ**သည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် မိုးရေကိုအဓိကထား အသုံးပြုကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကိုအသုံးပြုကြပြီး ယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စု(၂၇၀)စုရှိပါသည်။ကျန်မိသားစုများမှာဆွေမျိုးများနှင့်အတူ အသုံးပြုကြခြင်း ဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘောက်သောက်ကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာ မဖူလုံ သည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ် ကူနိုင်ပါသည်။

ဘောက်သောက်ကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။မိုးရာသီတွင် သွေးလွန်တုပ်ကွေး ရောဂါ၊ဝမ်းပျက်ဝမ်းလျောရောဂါနှင့် ၄က်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သွေးတိုး ရောဂါဖြစ်ပွားသည့်လူနာ**မှာ လည်းအနည်းငယ်**ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်၊ ဝက်နှင့် နွားများမှာ ရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဘောက်သောက်ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ဆောင် ရွက်ခြင်းမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်သည့် လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ကျေးရွာတွင် အမျိုးသမီးများ အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုအတွက် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာ အသိပညာ အနည်းငယ်ရှိကြပါသည်။ကျေးရွာတွင်အမျိုးသမီးများအတွက် အိမ်တွင်းမှုသက်မွေးသင်တန်းများဖွင့်လှစ် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဘောက်သောက်			ကျေးရွာအမည် – ဘောက်သောက်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျန်းမာရေးဆေးပေးခန်းဆရာ/ဆရာမရရှိရန်လိုအပ်ခြင်း။	
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းမြေသားလမ်းအား ဂျင်းလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	ဆောင်ရွက်ပြီး
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	လမ်းဘေးဝဲယာရေမြောင်းများတူးဖော်ခြင်း။	
၄	ရေပေးရေး	သောက်သုံးရေမလုံလောက်ခြင်း	မြေသားရေကန်တူးဖော်ခြင်း။	
၅	ရေပေးရေး	ရေအရင်းအမြစ်နှင့် ဝေးကွာခြင်း	ရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း။	

ဘောက်သောက်ကျေးရွာ၊ ဘောက်သောက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းလင်း	ဦးမွေးကြိုင်	၅/စကန(နိုင်)၂၀၅၁၉၅	၃၆	ဥက္ကဋ္ဌ	၀၉-၇၉၆၁၁၁၅၀
၂	ဦးဇော်မင်းဆွေ	ဦးသန်းဆွေ	၅/စကန(နိုင်)၁၉၈၈၃၅	၄၀	အတွင်းရေးမှူး	၀၉-၇၈၇၃၉၉၄၆၈
၃	ဦးသောင်းတန်	ဦးလှရွှေ	-	၄၉	စာရင်းကိုင်	-
၄	ဒေါ်စိုးမြတ်သူ	ဦးသန်းအောင်	၅/စကန(နိုင်)၂၂၆၂၄၄	၃၀	ဘဏ္ဍာရေးမှူး	၀၉-၇၉၇၉၇၉၀၅၁
၅	ဦးဇေယျာလင်း	ဦးကျော်ဌေး	၅/စကန(နိုင်)၂၀၁၆၀၉	၃၇	အဖွဲ့ဝင်	-
၆	ဦးစိုးမင်းနိုင်	ဦးသောင်းထွန်း	၅/စကန(နိုင်)၂၀၅၁၉၆	၃၆	အဖွဲ့ဝင်	-
၇	ဦးစိုးမိုးအောင်	ဦးဌေးမော်	၅/စကန(နိုင်)၂၁၇၂၃	၃၇	အဖွဲ့ဝင်	၀၉-၇၉၃၁၉၁၁၇၄
၈	ဦးမြင့်ဇော်	ဦးပန်	၅/စကန(နိုင်)၀၆၆၄၄၅	၅၂	အဖွဲ့ဝင်	-
၉	ဒေါ်ဇင်မာထွေး	ဦးအောင်စိန်	၅/စကန(နိုင်)၁၇၄၄၄၆	၃၈	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၄	၆	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၆	၂၈	၅၄	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၆	၂၉	၅၅	၁	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၉	၂၄	၆၃	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆၆	၄၂၆	၇၉၂	-	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၂	၅၆	၈၈	-	-
စုစုပေါင်း		**၄၉၁**	**၅၆၇**	**၁၀၅၈**	**၁**	**၁**
စုစုပေါင်း အိမ်ထောင်စု		**၂၈၅**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ် များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာသည် အိမ်ထောင်စု (၂၈၅)စု၊လူဦးရေ (၁၀၅၈)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၆ဦး)၊(၅)နှစ်အောက်ကလေးငယ် (၅၄ဦး)၊မူလတန်း ကျောင်းသားအရွယ် (၅၅ဦး)၊အလယ်တန်းကျောင်းသားအရွယ် (၆၃ဦး)၊အလုပ်လုပ်နိုင်သည့်အရွယ် (၇၉၂ဦး)၊ သက်ကြီးရွယ်ကြီး (၈၈ဦး)ရှိပါသည်။ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၅.၁%)ရှိပါသည်။အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၃၆၆)ဦး၊မ (၄၂၆)ဦး စုစုပေါင်း(၇၉၂)ဦးရှိပြီး တစ်ရွာလုံးရှိလူ ဦးရေ၏ (၇၄.၈%)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးခန့်ရှိပြီး ကျေးရွာအတွင်း အလုပ်လုပ်နိုင်သည့် လူဦး ရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။ကျေးရွာတွင် မသန်စွမ်းသူ မရှိပါ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၇၀	၃၅၃	၃၄	၂၁	၄၃	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇၀	၁၂၆	၁၉	၅	၂၃		မြင့် ☐ လတ်☐ နိမ့် ✓
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၂	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၉	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား	-	-	-	-	-	-	မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၆	၉	၁	-	၁	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈	၁၀	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၄	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၁	၁	-	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၅	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	–	–	–	–	မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၇၉	၅၄၀	၅၅	၂၇	၆၇		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ – **“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ထုတ်ကုန်လုပ်ငန်း၊ ကျွမ်းကျင်ပညာရှင်များနှင့်

လက်သမား ၊ပန်းရံလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ကျေးရွာတွင်စျေးရောင်းသူ ၊လက်သမား/ပန်းရံလုပ်ငန်းလုပ်ကိုင်သူ၊ ပညာရေးဝန်ထမ်း၊ ပို့ဆောင်ရေး၊ သိုလှောင်ရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်ကြသူများလည်းရှိပါသည်။ ကျေးရွာတွင်အသက်မွေးမှုနည်းပညာတတ်မြောက်သည့် မိသားစုဦးရေမှာ နည်းပါးပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၃၅၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၉၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိပါသည်။ကျေးရွာသူ/သားများ၏ ကျား/မ ဝင်ငွေခြားနားရခြင်းမှာ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။အခြားသောလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းမရှိသောကြောင့် လုပ်အားခပမာဏကိုမသိရှိပါ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	**၃၈၃**	ကောင်း ✓	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	**၁၆၂၂**	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	**၁၁**	ကောင်း ✓	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၂၀၁၆**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော် ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာတွင် လယ်မြေဧကစုစုပေါင်း (၃၈၃)ဧက၊ယာမြေ (၁၆၂၂) ဧက နှင့် ဥယျာဉ် ခြံမြေ (၁၁)ဧကရှိပါသည်။လယ်မြေနှင့် ယာမြေများ၏ မြေဆီလွှာအရည်အသွေးမှာ ကောင်းမွန်သည့် လယ်ယာမြေများဖြစ်သော်လည်း ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းနည်းပါးပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ✓	လွယ် ☐ ခက်✓	လျော့ ☐ တိုး ☐

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)	မရှိ ☐	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ✓ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများမရှိပါ။ သဘာဝအပင် မျိုးစိတ် များဖြစ်သော နွားစာနှင့်ဆေးဘက်ဝင်အပင်များမှာ နွားစသောတိရစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစားအစာ အနည်းငယ်ရရှိနိုင်ပါသည်။ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များကို တွေ့မြင်နိုင်ပါ သည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်ထောင်စု	၁၅	၁၁၄	၁၅၀	၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာတွင် စီးပွားရေးအဆင်ပြေသောအိမ်ထောင်စု များရှိပါသည်။ မပြေလည်သောအိမ်ထောင်စုများသည် လယ်အင်္ဂါးလုပ်ငန်းလုပ်ကိုင်ခြင်း၊ လက်သမား/ပန်းရံလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်း၊ ပညာရေးဝန်ထမ်း၊ ကျွမ်းကျင်ပညာရှင်များ၊ ပို့ဆောင်ရေးသိုလှောင်ရေးလုပ်ငန်းများ လုပ်ကိုင် ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၁၀	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၀_____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၂၇	၁၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၇_____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၁၄	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၄_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။**ဘောက်သောက်**ကျေးရွာရှိဥစ္စာဓနအဆင့် "၃" "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ **(၁၉)**ရာခိုင်နှုန်းမှာ (၃)လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး ၊ **(၅၂)**ရာခိုင်နှုန်းမှာ (၃-၅)လ အထိသာဝမ်းစာဖူလုံမှုရှိပြီး၊ **(၂၇)ရာခိုင်နှုန်းမှာ (၆-၁၂)လအထိဝမ်းစာဖူလုံမှု ရှိကြပါသည်။** ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ထမင်း တစ်နပ် လျော့စားခြင်း၊များမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။မြေယာမဲ့ ကျပန်းသမားများမှာ အခြားသောအချိန်များတွင် ချေးငှားခြင်း၊အတိုးဖြင့်ငွေချေးခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘောက်သောက်ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော မိသားစုမရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂	လျှပ်တပြတ်ရေကြီးခြင်း	–	–	–	–	–	–
၃	မုန်တိုင်းဒီရေ	–	–	–	–	–	–
၄	ဆူနာမီ	–	–	–	–	–	–
၅	တိုင်ဖုန်းမုန်တိုင်း	–	–	–	–	–	–
၆	လေဆင်နာမောင်း	–	–	–	–	–	–
၇	ငလျင်	–	–	–	–	–	–
၈	အပူလှိုင်း	–	✓	–	✓	–	–
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	–	–	–	–	–	–
၁၀	အအေးလှိုင်း	–	–	–	–	–	–
၁၁	မိုးသီးကြွေကျမှု	–	–	–	–	–	–
၁၂	မိုးခေါင်ခြင်း	–	✓	–	✓	–	–
၁၃	တောမီးလောင်ခြင်း	–	–	–	–	–	–
၁၄	မြစ်ကမ်းပါးပြိုခြင်း	–	–	–	–	–	–
၁၅	ကမ်းရိုးတန်းတိုက်စားမှု	–	–	–	–	–	–
၁၆	မြေပြိုခြင်း	–	–	–	–	–	–
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓	–	–	✓	–	–
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	–	–	–	–	–	–
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	–	–	✓	✓	–	–
၂၀	သစ်တောပြုန်းတီးခြင်း	–	–	–	–	–	–
၂၁	ငှက်ဖျားရောဂါ	–	–	–	–	–	–
၂၂	တီဘီရောဂါ	–	–	–	–	–	–
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	–	–	–	–	–	–

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၄	ကပ်ရောဂါ	✓	–	–	✓	–	–
၂၅	ပြည်တွင်းပဋိပက္ခ	–	–	–	–	–	–
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓	–	–	✓	–	–
၂၇	လူကုန်ကူးခြင်း	–	–	–	–	–	–
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	–	–	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင် ၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာတွင် ရာသီဥတုမမှန်ခြင်းကြောင့် စိုက်ခင်းများပျက်စီးမှုအနည်းငယ်ရှိပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတုပ်ကွေးဖျားနာခြင်းများရှိပါသည်။ ရာသီအကူးအပြောင်းတွင် ကြက်ဝက်နှင့်နွားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးခြင်းမရှိပါ။ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓	–	–	✓	–	–
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	–	–	–	–	–	–

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ	✓	-	-	✓	-	-
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓	-	-	✓	-	-
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	-	-	-	-	-	-
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	-	-	-	-	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ **(IDP)**	-	-	-	-	-	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	-	-	-	-	-
၉	ငါးကန်ပိုင်ရှင်များ	-	-	-	-	-	-
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	-	✓	-	✓	-	-
၁၁	လူနည်းစုလူမျိုးများ	-	-	-	-	-	-
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	-	-	-	-	-	-
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	-	-	-	-	-	-
၁၄	ရွှေတွင်းလုပ်သားများ	-	-	-	-	-	-
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	-	-	-	-	-	-
၁၆	နေရပ်ပြန်အခြေချသူများ	-	-	-	-	-	-
၁၇	ရွှေ့ပြောင်းလုပ်သားများ	-	-	-	-	-	-
၁၈	ကားမောင်းပြီးအသက်မွေးသူများ	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ဘောက်သောက်ကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စု

များရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေး အန္တရာယ်ကျရောက်ပါက စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေမျိုးကြုံတွေ့နိုင်ပြီး အခြားသောအိမ်ထောင်စု များထက် ပို၍ထိခိုက်ခံစားလွယ်နိုင်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာဖွံ့ဖြိုးရေးလမ်းကော်မတီ	၁☐၂✓၃☐	၉	၂	၁၁	ပညာရေး☐ဌေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း✓ သင့်☐ညံ့☐
၂	လူငယ်ကာလသားအဖွဲ့	၁☐၂☐၃✓	၅	-	၅	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း✓ သင့်☐ ညံ့☐
၃	လူငယ်အမျိုးသမီးအဖွဲ့	၁☐၂✓၃☐	-	၅	၅	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း✓ သင့်☐ ညံ့☐
၄	အမျိုးသမီးထမင်းကျွေးအဖွဲ့	၁☐၂✓၃☐	-	၂၅	၂၅	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း✓ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၅	ကျောင်းကော်မတီအဖွဲ့	၁☐/✓/၃☐	၇	၃	၁၀	ပညာရေး✓ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်✓ ညံ့☐
၆	**လျှပ်စစ်မီးလင်းရေးအဖွဲ့**	၁☐/✓/၃☐	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း✓ သင့်☐ ညံ့☐
		၁☐/☐/၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
		၁☐/☐/၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
		၁☐/☐/၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာ၏ အုပ်ချုပ်မှု၊စီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့ငယ်များစုဖွဲ့၍ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ကျောင်းသားမိဘအဖွဲ့သည်လည်း ကျောင်း၏လိုအပ်ချက်နှင့်ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန်အတွက် အလေးထားဆောင်ရွက် လျက်ရှိပါသည်။ကျေးရွာ၏ မီးလင်းရေးအဖွဲ့မှာ ကျေးရွာ၏ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးနှင့် ပရဟိတလုပ်ငန်းများတွင် အတူတကွစုပေါင်းလုပ်ကိုင်ကြပါသည်။ကျေးရွာရှိ ကျေးရွာသူ/သားများသည် ကျေးရွာဖွံ့ဖြိုးရေး၊သာရေး/ နာရေးနှင့် ကျေးရွာလုံခြုံရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	အဝေးရောက်ရွာသူ/သားများအဖွဲ့	၁□၂□၃□၄□၅□၆✓၇□	ပညာရေး✓ငွေကြေး✓ ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –** Care International, Save the Children, Gret, Pact Myanmar **စသည်)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ** GIZ, UKAid, USAid, **စသည်)**

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများနိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းအနေဖြင့် **အဝေးရောက်ရွာသူ/သားများအဖွဲ့မှ ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအား တာဝန်ယူဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေ အတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၅၀	-	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	-	-	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၁၄	-	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၅	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၈၅		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာရှိ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ (၆)အိမ်ထောင်စုခန့်ရှိပါသည်။ အများစုမှာကိုယ်ပိုင်လယ်ယာလုပ်ကိုင်ကြပြီး အချို့သောအိမ်ထောင်စုများမှာ လယ်အငှားလုပ်ကိုင် ကြသူများနှင့် အခြားသောလုပ်ငန်းလုပ်ကိုင်ကြသူများရှိကြပါသည်။ကျေးရွာတွင် (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ (၁၅၀)ဦး၊ (၅)ဧကမှ (၁၂.၅)ဧကကြားတောင်သူလတ် (၁၁၄) ဦး ရှိပြီး (၁၂.၅)ဧကအထက် တောင်သူကြီး(၁၅)ဦးရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဘောက်သောက်ကျေးရွာရှိ လယ်မြေများသည် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ သောက်သုံးရေကိုလည်း မိုးရေကိုသောက်သုံးကြပါသည်။ ထို့ကြောင့် ရေအရင်းအမြစ်နှင့် ရေးသွင်းဧရိယာမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၂၃၀	တင်း	၃၀	၅၀	၅၀	ဝါဆို	ဝါခေါင်	မြင့်☐လတ်✓ နိမ့်☐	မြင့်☐လတ်✓ နိမ့်☐	မြင့်☐လတ်✓ နိမ့်☐
နှမ်း	၆၀၀	တင်း	၈	၁၃	၉	တော်သလင်း	သီတင်းကျွတ်	မြင့်☐လတ်☐ နိမ့်✓	မြင့်☐လတ်✓ နိမ့်☐	မြင့်☐လတ်✓ နိမ့်☐
ပဲ	၁၀၃	တင်း	၃	၁၀	၆	သီတ	တန်	မြင့်☐လတ်✓	မြင့်☐လတ်✓	မြင့်☐လတ်✓

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
						ငံးကွတ်	ဆောင်မုန်း	နှိမ့်□	နှိမ့်□	နှိမ့်□
ဂျုံ	၅၀	တင်း	၃	၁၀	၆	သီတင်းကျွတ်	တန်ဆောင်မုန်း	မြင့်□လတ်✓ နှိမ့်□	မြင့်□လတ်✓ နှိမ့်□	မြင့်□လတ်✓ နှိမ့်□
မြေပဲ	၅၂၂	တင်း	၇	၁၀	၈	သီတင်းကျွတ်	တန်ဆောင်မုန်း	မြင့်□လတ်✓ နှိမ့်□	မြင့်□လတ်✓ နှိမ့်□	မြင့်□လတ်✓ နှိမ့်□
နွားစာပြောင်း	၅၀၀	ထုံး	၁၀၀	၂၀၀	၁၅၀	နယုန်	တော်သလင်း	မြင့်□လတ်✓ နှိမ့်□	မြင့်□လတ်✓ နှိမ့်□	မြင့်□လတ်✓ နှိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘောက်သောက်ကျေးရွာတွင် စပါး၊ နှမ်း၊ပဲ၊ဂျုံ နှင့် မြေပဲများကိုသာ အဓိကထား၍ စိုက်ပျိုးကြပါသည်။ ရာသီဥတုအခြေအနေပေါ်မူတည်၍ စပါးစိုက်ပျိုးရာတွင် ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၅၀)တင်းခန့်ထွက်ရှိပါ သည်။နှမ်းစိုက်ပျိုးရာတွင် ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၉)တင်းထွက်ရှိပြီး ဂျုံနှင့်ပဲစိုက်ပျိုးရာတွင် ပျမ်းမျှအနေဖြင့် တစ်ဧကလျှင်(၆)တင်းထွက်ရှိပါသည်။မြေပဲစိုက်ပျိုးရာတွင် ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၈)တင်းခန့်ထွက်ရှိ သော်လည်း အမြတ်ရရှိမှုမှာနည်းပါးလှပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၂	-	-	၁၀၀
လက်တွန်းထွန်စက်	၂၀	-	-	၅၀
အစေ့ချကိရိယာ	၂၆	-	-	၂၀၀
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	၁၅	-	-	၂၅၀
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဘောက်သောက်ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုများရှိကြပါသည်။

ကျေးရွာမှ တစ်ဦးချင်းပိုင်ထွန်စက်ကြီး (၂)စီး၊လက်တွန်းထွန်ထက် (၂၀)စီး၊ အစေ့ချကိရိယာ(၂၆)လုံးနှင့် ရေစုပ်စက် (၁၅)လုံး ကိုယ်ပိုင်ရှိကြပါသည်။ထွန်စက်ငှားရမ်းသုံးစွဲသူ (၁၀၀)ဦးနှင့် လက်တွန်းထွန်စက် ငှါးရမ်းသုံးစွဲသူ(၅၀)ဦး၊ အစေ့ချကိရိယာငှါးရမ်းသုံးစွဲသူ(၂၀၀)ဦးနှင့် ရေစုပ်စက် ငှားရမ်းသုံးစွဲသူ (၂၅၀)ဦးရှိကြပါသည်။ နွားကောင်ရေ (**၉၂၈**)ကောင် ရှိသောကြောင့် နွားများဖြင့်လည်း ထွန်ယက်စိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ✓မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ✓မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☐မဖြေဆိုပါ✓
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်✓မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်✓မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ရနိုင်သည်✓မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်✓ သီးနှံများကိုရောင်းချနိုင်သည်☐မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်✓ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ဘောက်သောက်ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထားမှာ သင်တင့်မျှတခြင်း၊ လယ်ယာမြေအသုံးချရာတွင် မြေဆီလွှာအရည်အသွေးမှာ သင့်တင့်မျှတမှုရှိခြင်းတို့ကြောင့် သီးနှံများစိုက်ပျိုးရာတွင် အခက်အခဲမရှိသော်လည်း၊ စိုက်ပျိုးရေအရင်းအမြစ်များမရှိသောကြောင်း မိုးရေကိုသာ အဓိကအားထားကြရပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သော သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ၊ ဓါတုပိုးသတ်ဆေးနှင့်အခြားဓါတုဗေဒသွင်းအားစုများကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်✓မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်✓ ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ✓
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ✓အနည်းငယ်☐မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ဘောက်သောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများသည် မိုးရေကိုသာအဓိကအားထားနေရသဖြင့် ရာသီဥတုမှန်ကန်မှုမရှိခြင်းတို့ကြောင့် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ အသင့်အတင့် ရင်ဆိုင်ရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၈၉	၉၂၈
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	၄	၆
မြည်း	-	-
လား	-	-
ဆိတ်	၃	၉၅
သိုး	-	-
ဝက်	၃	၇
ကြက်	၄	၃၂
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘောက်သောက်ကျေးရွာ၏ မွေးမြူရေးမှာ နွား၊ မြင်း၊ ဝက်နှင့် ကြက်စသည့် တိရစ္ဆာန်များအား တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ **ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ✓အသင့်အတင့်□မဖြေဆိုပါ□

အခွင့်အလမ်း	ဖော်ပြချက်/ **ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ဧယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ရေရရှိမှု	အလုံအလောက်ရနိုင်☐အသင့်အတင့်ရနိုင်✓မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ✓ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ချေးငွေအသင့်အတင့်ရနိုင်✓မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐သွင်းအားစုများဝယ်ယူနိုင်သည်✓ မဖြေဆိုပါ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☐ မဖြေဆိုပါ✓
